အတွဲ ၂
အမှတ် ၁

# မိုလိုတော့

ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၅၁)ရက် ရှိပါပြီ။ ဇူလိုင်၊ ၂၀၂၂



## လက်နက်ကိုင် တော်လှန်ရေးကို ဝန်းရံကြ

လူထုလှုပ်ရှားမှု၊ CDM နဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ
သုံးမျိုးဟန်ချက်ညီပေါင်းစပ်နိုင်မှသာ စစ်အာဏာရှင်တွေကို အောင်မြင်နိုင်မယ်။

# ကိုးထပ်မြောက်ငရဲ

ဟိဏ်းဇော်



ငရဲကို သေရဲသူတွေနဲ့ ဆောက်ထားတဲ့နေရာ
ကမ္ဘာ့မြေပုံပေါ်က
ကိုးထပ်မြောက်ငရဲ။

ငရဲခေတ်ထဲ ရေခဲတဲ့နှစ်တွေမှာ
ပန်းတွေပွင့်ခဲ့ကြတဲ့နေရာ

ကြွေလိုက်တဲ့ကြယ်တွေ
ပွင့်လိုက်တဲ့ ပန်းတွေ
တစင်းပြီးတစင်း
တပွင့်ပြီးတပွင့်။

ငရဲကတက်မယ့်တံတားကို အရိုးတွေနဲ့ ဆောက်ခဲ့ကြတဲ့နှစ်တွေ။

ဒါဟာ
အမြင့်မြတ်ဆုံး
ကိုးထပ်မြောက်ငရဲ။

● ဟိဏ်းဇော်




၂၁ တော်လှန်ရေးမှာ အဓိကတိုက်ပွဲပုံသဏ္ဌာန် ၃ မျိုးရှိတယ်။ လက်နက်ကိုင်တော်လှန်ရေး၊ လူထုဆန္ဒပြပွဲနဲ့ CDM လို့ခေါ်နေကြတဲ့ သပိတ်တိုက်ပွဲပဲ။

CDM နဲ့ လမ်းပေါ် လူထုဆန္ဒပြပွဲတွေက တပြိုင်နက်တည်းလိုလို စတင်ခဲ့ကြတယ်။ စစ်တပ်က ရက်ရက်စက်စက် ဦးခေါင်းတွေ ချိန်ရွယ်ပစ်ခတ်၊ သပိတ်စခန်းတွေဖြိုခွဲလာတော့ ငြိမ်းချမ်းစွာဆန္ဒပြတဲ့နည်းဟာ ရှေ့မတိုး သာလောက်အောင် ခက်ခဲသွားတယ်။ ငြိမ်းချမ်းတဲ့နည်းနဲ့ ရှေ့ဆက်တိုးလို့မရတော့တဲ့အခါ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဟာ အဓိကတိုက်ပွဲပုံသဏ္ဌာန်ဖြစ်လာတယ်။

လက်နက်ကိုင်တော်လှန်ရေးနည်းလမ်းဟာ လူထုကရွေးချင်လို့ရွေးတဲ့လမ်းမဟုတ်ဘူး။ မအေလစစ်တပ်က တွန်းပို့လို့ ရောက်ရတဲ့လမ်းပဲ။ ငြိမ်းချမ်းစွာဆန့်ကျင်ကန့်ကွက်မှုတွေကို ဆက်လုပ်မရအောင် ပစ်ခတ်သတ်ဖြတ်နေလို့သာ မလွှဲသာတဲ့အဆုံးမှာ လက်နက်ကိုင်တော်လှန်တဲ့နည်းကို ရွေးရတာပဲ။ ဒါကလွဲပြီး တခြားရွေးစရာမရှိတော့လို့ ရွေးရတာလည်း ဖြစ်တယ်။

၁၉၈၈ လူထုအရေးတော်ပုံမှာ၊ ၂၀၀၇ သံဃာ့အရေးတော်ပုံတွေမှာ ငြိမ်းချမ်းတဲ့နည်းကို အစွမ်းကုန်ကြိုးစားခဲ့ပြီးပြီ။ စစ်ကျွန်အခြေခံဥပဒေဖြစ်တဲ့ ၂၀၀၈ ဖွဲ့စည်းပုံအောက်တောင် NLD က ခေါင်းငုံ့ဝင်ကြည့်တဲ့အထိ အလျှော့ပေး လိုက်လျောကျင့်သုံးကြည့်ခဲ့ပြီးပြီ။ ငြိမ်းချမ်းတဲ့နည်းအောက် လမ်းကုန်လျှောက်ကြည့်ပြီးပြီ။ ဘယ်လောက်ပဲအလျှော့ပေးပေး လူထုကလမ်းပေါ်ထွက်တိုင်းမှာ စစ်တပ်ကပစ်ခတ်လာခဲ့တာ နှစ်ပေါင်းများစွာကြာလာခဲ့ပြီမို့ "ဒီစစ်တပ်နဲ့ ငါတို့ပြည်သူ အတူတူနေလို့မဖြစ်တော့ဘူး"လို့ ဆုံးဖြတ်ပြီး လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ် ပေါ်ထွက်လာတာပဲ။

၂၀၂၁ အတွေ့အကြုံတခုတည်းနဲ့ လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းပေါ်ကို ရောက်လာတာမဟုတ်ဘူး။ ၁၉၆၂ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ နှစ်ပေါင်း ၆၀ နည်းပါးကြာတဲ့ စစ်အာဏာရှင်အုပ်စိုးမှုသက်တမ်းတလျှောက်မှာ အကြိမ်များစွာ ပစ်ခတ်သတ်ဖြတ် နှိမ်နင်းမှုတွေအားလုံး ပေါင်းစုရုံးပြီး မခံနိုင်လွန်းတဲ့အတွက် လက်နက်ကိုင်တော်လှန်ရေး လမ်းကြောင်းပေါ် ရောက်လာတာဖြစ်တယ်။

၁၉၆၂ ဇူလိုင် ၇ ရက်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်းမှာ ကျောင်းသား ၂၀၀ လောက်ကို

ဆောင်းပါး

ပစ်ခတ်သတ်ဖြတ်လိုက်တာကစပြီး၊ ဦးသန့်အရေး၊ ဇွန် ၆ အလုပ်သမားအရေး၊ မှိုင်းရာပြည့်အရေး၊ ၈၈ လူထုအရေးတော်ပုံ၊ ၂၀၀၇ သံဃာ့လှုပ်ရှားမှု၊ အခုဖြစ်ပေါ်နေတဲ့ ၂၀၂၁ လူထုအရေးတော်ပုံတို့မှာ စစ်တပ်ဟာ ကျောင်းသားကို၊ အလုပ်သမားကို၊ လယ်သမားကို၊ လူထုကို၊ သံဃာကို တောက်လျှောက်ပစ်ခတ်သတ်ဖြတ် လာခဲ့တာများပြီ။ နောင်မှာ သူတို့ရှိနေသေးသမျှ ထပ်သတ်နေဦးမှာပဲဆိုတာ သိပ်ကိုသေချာနေပြီမို့ "ဒီစစ်တပ်နဲ့ ငါတို့ဟာ အတူတူနေလို့ မဖြစ်တော့ဘူး" ဆိုတာကိုလည်း လူထုဘက်က သိပ်သေချာသွားတယ်။

"ဒီစစ်တပ်နဲ့ ငါတို့နဲ့ အတူတူဆက်ပြီး မနေနိုင်တော့ဘူး" ဆိုတဲ့ လူထုရဲ့ သန္နိဋ္ဌာန်ဟာ ၂၀၂၁ အရေးတော်ပုံရဲ့ အဖိုးတန်ဆုံးရလဒ်ပဲ။

ဒီရလဒ်ကို ဆက်ထိန်းထားနိုင်ဖို့လိုတယ်။ ဘယ်လိုဆက်ထိန်းထားမလဲ။

လက်နက်ကိုင်တော်လှန်ရေး နည်းတခုတည်းနဲ့ ထိန်းနိုင်ဖို့မလွယ်ဘူး။ လူထုကိုယ်တိုင် လက်နက်ကိုင်တော်လှန်တဲ့ အသွင်သဏ္ဌာန်သစ် လက်နက်ကိုင်တော်လှန်ရေးဟာ အခုမှ မွေးဖွားကာစဖြစ်တယ်။ အတောင်အလက်မစုံသေးဘူး။ အဲဒီ အတောင်အလက်မစုံသေးတဲ့ လူထု လက်နက်ကိုင်တော်လှန်ရေးကို လူထုဆန္ဒပြပွဲတွေ၊ CDM လှုပ်ရှားမှုတွေနဲ့ ဆက်လက်ဝန်းရံမှသာ ရှင်သန်နိုင်လိမ့်မယ်။

လမ်းပေါ် ချီတက်ဆန္ဒပြပွဲတွေဟာ စစ်အာဏာရှင်တွေရဲ့ ရက်စက်ပြင်းထန်လွန်းတဲ့ ဖိနှိပ်မှုကြောင့် ရှေ့ဆက်ဖို့ခက်နေတယ်။ ဒါပေမဲ့ စစ်အာဏာရှင်တွေကြောက်တဲ့ လူထုဆန္ဒပြမှုဆိုတာ လမ်းပေါ် ထွက်ချီတက်တာ တခုတည်းမဟုတ်ဘူး။ သံပုံးတီးတာ၊ လမ်းပေါ် တက်စာရေးတာ၊ လမ်းပေါ် ဆေးနီပက်တာ၊ လမ်းပေါ် ထဘီတန်း တန်းတာ၊ လူမဲ့ပိုစတာတိုက်ပွဲလုပ်တာ၊ ဟွန်းတီးသပိတ်လုပ်တာ၊ မော်တော်ကားသပိတ်လုပ်တာ၊ ညဘက်ဆီမီးထွန်းတာ စတဲ့နည်းလမ်းအားလုံးကို သူတို့ကြောက်တယ်။

လူထုတရပ်လုံးဆန္ဒပြတဲ့အချိန်မှာ တော်လှန်ရေးရဲ့ လက်ရွေးစင်ဖြစ်တဲ့ လူငယ် ဂျန်ဇီတွေဟာ လူထုကို ရှေ့ဆုံးကနေ အသေခံကာကွယ်ခဲ့တယ်။ အခု အဲဒီလူငယ်ဂျန်ဇီတွေပဲ လက်နက်ကိုင်တော်လှန်ရေးအတွက် ပြင်ဆင်နေကြတယ်။ ဒီလိုအချိန်မှာ လူငယ်ဂျန်ဇီတွေကို လူထုက ပြန်လည်ကာကွယ်ရမဲ့ အချိန်ဖြစ်တယ်။ လူငယ်ဂျန်ဇီတွေရဲ့ လက်နက်ကိုင်တော်လှန်ရေးကို အထီးကျန်မဖြစ်အောင် လူထုလှုပ်ရှားမှုတွေနဲ့ ပြန်ဝန်းရံရမယ်။ CDM တွေလည်း ပင်ပန်းနေပြီ။ CDM တွေ ဆက်လက်တောင့်ခံနိုင်အောင်လည်း လူထုလှုပ်ရှားမှုတွေနဲ့ ပြန်ဝန်းရံဖို့လိုနေပြီ။

စစ်အာဏာရှင်ရဲ့ ရက်စက်တဲ့ဖိနှိပ်မှုကြောင့် ယာယီငြိမ်သက်ပေးလိုက်ရတဲ့ လူထုလှုပ်ရှားမှုတွေ အရင်လိုပြန်ပြီး တက်ကြွလာအောင် စည်းရုံးလှုံ့ဆော်ပေးရမယ်။

ဘယ်လိုစည်းရုံးလှုံ့ဆော်မလဲ။

ကျနော်တို့မှာ သံပုံးတီးတာကအစ အရင်ကလုပ်ခဲ့ကြတဲ့ ကြွယ်ဝတဲ့နည်းနာတွေ အများကြီးရှိခဲ့ပြီးပြီ။ သံပုံးတီးတာ၊ စာရေးတာ၊ ဆေးမှုတ်တာ၊ ထဘီတန်းတာကအစ အရင်လုပ်ခဲ့ဖူးသမျှ နည်းနာတွေအားလုံး အစကနေပြန်သုံးပြီး တဆင့်ချင်းပြန်တက်။ အခွင့်သာတဲ့အချိန်မှာ လူထုတရပ်လုံးလမ်းပေါ်ပြန်ရောက်လာတဲ့အထိ စည်းရုံးရမယ်။

လူထုလှုပ်ရှားမှု၊ CDM နဲ့ လက်နက်ကိုင်တော်လှန်ရေးဟာ သုံးမျိုး ဟန်ချက်ညီပေါင်းစပ်နိုင်မှသာ စစ်အာဏာရှင်တွေကို အောင်မြင်နိုင်မယ်။

● ဇော်ဝင်း (၈၈ ဗကသ)

ဆောင်းပါး

# စစ်ရေးစစ်ရာ မှတ်စုများ

အပိုင်း-၁၂

× ဘိုးဒေါင်း ×



ဒီတပတ်လည်း “ဆွန်ဇူး”ရဲ့ စစ်ပညာကျမ်းထဲကပဲ ရွေးထုတ်ဖော်ပြပေးချင်တယ်။ စစ်ကျမ်းအလိုအရကတော့ တနိုင်ငံလုံးကို စစ်မတိုက်ရဘဲ လက်နက်ချအညံ့ခံလာအောင်လုပ်တာက အခြေနေမပျက်သိမ်းလိုက်နိုင်ခြင်းကြောင့် အထက်တန်းအနိုင်ရခြင်းဖြစ်တယ်လို့ ဆိုတယ်။

ထိုနည်းအတိုင်းပဲ တပ်ကြီးတတပ်လုံးကို မတိုက်ခိုက်ရဘဲ လက်နက်ချ အညံ့ခံလာအောင်လုပ်နိုင်ခြင်းက အထက်တန်းကျတဲ့ အောင်မြင်ခြင်းပဲလို့ဆိုတယ်။ အဲ့လိုနဲ့ တဆင့်ချင်း တပ်မဟာ၊ တပ်ရင်း၊ တပ်စု၊ တပ်စိတ်တဖွဲ့ခြင်းဟာ တိုက်ခိုက်စရာမလိုဘဲ အညံ့ခံလာအောင်လုပ်နိုင်ရင် အဲ့တာဟာ အထက်တန်းကျတဲ့အောင်မြင်ခြင်းပဲ။ (ဟိုတလောက ကချင်နဲ့ ကရင်ဘက်မှာ တပ်စုလိုက် အညံ့ခံလာခြင်းမျိုးတွေပေါ့)

အဲ့လိုအနိုင်ယူဖို့အတွက် ထိပ်တန်း အဆင့်မြင့် နည်းပရိယာယ်ကြွယ်ဝဖို့လိုတယ်။ အဓိကက ရန်သူပြုကျင့်မယ့် စီစဉ်ထားတဲ့ စစ်ရေးမဟာဗျူဟာကို ဦးစွာတိုက်ခိုက်ဖျက်စီးခြင်းပဲ။ (လက်ရှိ ရန်သူမှာရှိတာက သမားရိုးကျနည်းတွေပဲ။ စစ်အင်အား တိုက်ရည်ခိုက်ရည်မယှဉ်နိုင်ရင် အမြောက်နဲ့ပစ်မယ် လေယာဉ်နဲ့ဗုံးကြဲမယ်။ ဒီနည်းပဲလုပ်နေကျ။ အမြောက်တပ်ကို ဘယ်လိုဖျက်စီးမလဲ။ လေယာဉ်ပစ်ချရုံမက ပြောက်ကျားနည်းနဲ့ လေယာဉ်ကွင်းကို ဘယ်လိုဖျက်စီးမလဲ။လေယာဉ်ပြေးလမ်းကို ဖျက်စီးဖို့လိုတယ်။ စသဖြင့်ပေါ့။)

နောက်ပြီး ရန်သူမဟာမိတ်ကို ဘယ်လိုဖြိုခွဲမလဲဆိုတာကို အဓိကထားလုပ်ဆောင်ရမယ်။ အခုခေတ်အရ

ဆောင်းပါး

ဆိုရင် ဒလန်တွေဒေါက်တိုင်တွေကို ဘယ်လိုရှင်းထုတ်မလဲ။ ဒါတွေဟာ ထိုးစစ်ဆင်ဖို့အတွက် အရေးပါတဲ့အချက်တွေပဲ။

ရန်သူထက်ကိုယ့်အင်အားက ၁၀ ဆသာရင် ဝိုင်းရံပိတ်ဆို့ထား။ ရန်သူ ရိက္ခာပြတ်အားအင် ချိနဲ့လာအောင်လုပ်။ ရန်သူထက်ကိုယ့်အင်အားက ၅ ဆသာရင် တိုက်စစ်ဆင်ပါ။ စစ်ထိုးပါ။ ပိတ်ဆို့တာမလုပ်နဲ့။


ရန်သူထက်ကိုယ့်အင်အားက တဆလောက်ပဲသာခဲ့ရင် ရန်သူစစ်အင်အားပြန့်ကွဲသွားအောင်လုပ်ပြီးမှ တိုက်ခိုက်ကြရမယ်။ (ဒုတိယကမ္ဘာစစ်မှာ “ရွှန်းမဲလ်”ရဲ့တပ်ကို ဗြိတိသျှတပ်တို့က အဲ့ဒီလိုပြန့်ကွဲသွားအောင်ခွဲထုတ်ပြီးမှ အနိုင်ယူခဲ့တာ)

ကိုယ့်အင်အားက ရန်သူအင်အားနဲ့ တူမျှနေရင်တော့ ရေကုန်ရေခန်းတိုက်ခိုက်ကြရမယ်။ ကိုယ့်အင်အားက ရန်သူ့အားထက် လျော့နည်းနေတယ်ဆိုရင်တော့ စစ်ကိုရှောင်ပေးလိုက်ပေါ့။ အဲ့လိုမရှောင်နိုင်ရင် ရန်သူက ကိုယ့်တပ်ကို ဝါးမြိုစားသောက်ဖို့ ကျားကုတ်ကျားခဲလုပ်လိမ့်မယ်)

ဒါကြောင့် အင်အားနည်းလွန်းတဲ့တပ်ဟာ ခေါင်းမာမာနဲ့ ဇွဲရှိရှိခံတိုက် ယှဉ်တိုက်နေတာဟာ မိုက်မဲရာကျတတ်တယ်။ အချိန်မရွေး ရန်သူ့သုံ့ပန်းအဖြစ် ဖမ်းဆီးခံရတတ်တယ်။

အခုဖော်ပြထားတာတွေက ထိုးစစ်ဆင်ရမှာ သတိပြုကျင့်သုံးရမယ့် အချက်အချက်အချို့သာဖြစ်တယ်။ နောက်တပတ်မှ ဆက်လက်ပြီး ဖော်ပြပါဦးမယ်။ တရားသောစစ် အောင်နိုင်ကြပါစေ။ တရားမဲ့ပြုကျင့်သူတွေ ကျဆုံးပါစေ။

● ဘိုးဒေါင်း






ယခင်အပတ်မှအဆက် ...။

အာဏာကိုတိုက်ခိုက်ရာမှာ သူပုန်သူကန်နည်းလမ်းဟာ အထိရောက်ဆုံးဖြစ်ပြီး အခြိမ်းအခြောက်အာဏာမှဆင်းသက်သော ကြိမ်းမောင်းဖိနှိပ်ချုပ်ခြယ်မှုဟူသမျှကို အဆုံးသတ်ဖို့အတွက် တော်လှန်ရေးသည်သာ အဖြေဖြစ်ပါတယ်။ တော်လှန်ရေးတရပ်ဖြစ်ဖို့ရာအတွက် ဆန့်ကျင်ခြင်း၊ ဗီဆန်ခြင်း၊ တွန်းလှန်ခြင်းနှင့် ပုန်ကန်ခြင်းဆိုပြီး အဆင့်လေးဆင့်နဲ့ တော်လှန်ရေးကို စစ်ဆင်ရေးပြုလုပ်ရပါတယ်။ ပြည်သူတရပ်လုံးရဲ့ အချုပ်အခြာအာဏာမှဆင်းသက်လာပြီး တည်ငြိမ်မှုရှိတဲ့ သူပုန်သူကန် အင်အားကြီးဟာ ခိုင်မာခြင်းကြောင့် အကြောက်တရားကို အားပြုပြီးရပ်တည်ရတဲ့ အခြိမ်းအခြောက်အာဏာဟာ ပရမ်းပတာအင်အားတရပ်သာဖြစ်တဲ့အတွက် တည်ငြိမ်မှုကို မရရအောင် စွမ်းဆောင်ကြမှာဖြစ်ပါတယ်။

အာဏာရှင်များဟာ ၄င်းတို့လုယူထားတဲ့အာဏာကို တည်ငြိမ်အောင်မပြုလုပ်နိုင်သရွေ့ ယင်းတို့ရဲ့အာဏာတည်မြဲမှာမဟုတ်ကြောင်း သိကြပါတယ်။ သူတို့ရဲ့အာဏာတည်ငြိမ်အောင်လုပ်တဲ့ အဓိကလက်နက်ကလည်း အခြိမ်းအခြောက်နဲ့ အကြောက်တရားလွှမ်းမိုးမှုဖြစ်တဲ့အတွက်ကြောင့် ပြည်သူတရပ်လုံးက အကြောက်တရားကင်းကင်းနဲ့ ရင်ဆိုင်သရွေ့ အာဏာရှင်များရဲ့ အချုပ်အခြာ အာဏာအတုအယောင် အခြိမ်းအခြောက်အာဏာဟာ ကြာရှည်မရပ်တည်နိုင်ပါဘူး။ အာဏာရှင်များဟာ ပြည်သူတို့ ခွင့်ပြုသလောက်သာ အာဏာရယူထားနိုင်ကြမှာဖြစ်ပါတယ်။ ပြည်သူတရပ်လုံးရဲ့ သမဂ္ဂဆန္ဒ၊ သမ္မုတိဆန္ဒများဟာ သူပုန်သူကန်တော်လှန်ရေးအတွက် အခရာကျပြီး အာဏာရှင်တို့ကို တရက်တည်းနဲ့ အမြစ်ဖြုတ်လိုက်နိုင်သလို၊ ပြည်သူတရပ်လုံးရဲ့ စည်းလုံးညီညွတ်မှုအလျော့ တရက်မှသည် ရက်ပေါင်းရှည်ကြာ ကာလ တိုးသွားနိုင်တာကို သတိပြုဖို့လိုပါတယ်။

ဆောင်းပါး

တော်လှန်ရေးတိုင်းမှာ အခရာကျတဲ့ မဟာဗျူဟာမပါဝင်ဘဲ တွန်းလှန်ပုန်ကန်ခြင်းဟာ အောင်မြင်နိုင်ခြင်းမရှိပါဘူး။ အာဏာရှင်ဆိုတာ ဖြုတ်ချမှရမှာဖြစ်တဲ့အတွက် ဖြုတ်ချဖို့အတွက် အခြိမ်းအခြောက်မှကင်းလွတ်ပြီး ပြောင်းဝမှာ အသက်ဘေးမထိခိုက်အောင် ရင်ဆိုင်နိုင်ဖို့ မဟာဗျူဟာကျကျ သူပုန်သူကန်နည်းမှန် လုပ်နိုင်မှဖြစ်မှာပါ။ ဒီနေရာမှာ သူပုန်သူကန်နည်းသည်သာ တော်လှန်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဆိုပြီး မယူဆဖို့လိုပါတယ်။ တော်လှန်ရေးတိုင်းဟာ မတူညီနိုင်ပါဘူး။ သို့သော် သူပုန်သူကန်နည်းနဲ့ အောင်မြင်ပြီး အာဏာရှင်ကို အပြုတ်ဖြုတ်နိုင်ခဲ့တဲ့ ဥပမာတွေရှိပါတယ်။ အဲဒါကတော့ ကျူးဘားတော်လှန်ကြီးဖြစ်ပါတယ်။ ပြည်သူတရပ်လုံးရဲ့ ကျောထောက်နောက်ခံစည်းလုံးမှု၊ စည်းရုံးမှုနဲ့အတူ သူပုန်သူကန်နည်းနဲ့ ကျူးဘားနိုင်ငံရဲ့ အာဏာရှင်များ အခြိမ်းအခြောက်အာဏာကို ပြည်သူ့အချုပ်အချာအာဏာနဲ့ ပြည်လှန်အစားထိုးနိုင်ခဲ့ပါတယ်။

သူပုန်သူကန်တော်လှန်ရေးမဟာဗျူဟာမှာ နည်းစနစ်တွေ မြောက်များစွာရှိပါတယ်။ ဘယ်လိုပဲ နည်းစနစ်တွေကွဲပြားနေပါစေ ဘုံရန်သူကို ချေမှုန်းရာမှာ အသုံးကျတာကြီးပဲဆိုပေမယ့် နေရာမှန် စနစ်မှန်နဲ့ သေချာစွာ စစ်ဆင်နိုင်ဖို့အတွက် မဟာဗျူဟာချမှတ်နိုင်ဖို့ လိုပါတယ်။ ဒါမှသာလျှင် အချိန်တိုတိုနဲ့ ထိရောက်မှု၊ သက်ရောက်မှုကြီးကြီး ဖြစ်ထွန်းနိုင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။


တော်လှန်ရေးမှာ နှစ်မျိုးရှိပါတယ်။ အဲဒါတွေကတော့ အများသိပြီးဖြစ်တဲ့အတိုင်း အကြမ်းမဖက်ဆန့်ကျင်တော်လှန်ရေးနဲ့ လက်နက်စွဲကိုင် ပုန်ကန်တော်လှန်ရေးတွေ ဖြစ်ပါတယ်။ သူပုန်သူကန်တော်လှန်ရေးကတော့ အကြမ်းမဖက်နည်းရော လက်နက်စွဲကိုင်နည်းကိုပါ တွဲလျက် အညမညတော်လှန်ရေးဖြစ်ပါတယ်။ နေရာနဲ့အခရာကျကျ သင့်တင့်လျောက်ပတ်တဲ့ တော်လှန်ရေးနည်းစနစ်နဲ့အတူ အာဏာရှင်တို့ရဲ့ အခြိမ်းအခြောက်အာဏာသက်ရောက်မှုအားကို တဖြေးဖြေးချင်း ပိုးစားသလို ထိရောက်မှုအားပြင်းစွာ တိုက်ခိုက်ခြင်းဖြစ်ပါတယ်။

ဒါကြောင့် သူပုန်သူကန်တော်လှန်ရေးဟာ ပြည်သူတရပ်လုံးကို ကျောထောက်နောက်ခံထားလျက်ဖြစ်ပေါ်လာတဲ့ စစ်ဆင်ရေးဖြစ်သည့်အတွက် "ပြည်သူ့စစ်ဆင်ရေး"စစ်စစ်ဖြစ်ကြောင်းသိဖို့ လိုအပ်ပါတယ်။ သူပုန်သူကန်တော်လှန်ရေးဟာ ဘုံရန်သူတို့နည်းတူ လက်နက်ခဲယမ်းတပ်ဆင်ထားကြမှာဖြစ်ပါတယ်။ သို့သော် ဘုံရန်သူများကဲ့သို့ လက်နက်ခဲယမ်းအားကိုးနဲ့ ပြည်သူအပေါ် အခြိမ်းအခြောက်အာဏာ သက်ရောက်အောင် လွှမ်းမိုးဖိနှိပ်ခြင်းထက် အဆိုပါအခြိမ်းအခြောက်အာဏာပြောင်းဝများကို ပြည်သူ့ထံ မရောက်ခင် သူပုန်သူကန်များက ကြားဖြတ်ပြီး ပြည်သူ့အာဏာကို ခုခံပေးကြမှာဖြစ်ပါတယ်။

နိုင်ငံတဝှမ်းလုံး နေရာအနှံ့ သူပုန်သူကန်အစုအဖွဲ့ မြောက်များစွာဖြစ်နေနိုင်ပြီး အကြောင်းအမျိုးမျိုးနဲ့ တိုက်ခိုက်တော်လှန် ပုန်ကန်နေကြမှာပါ။ သို့သော် ဘယ်လိုအကြောင်းရင်းပဲဖြစ်နေပါစေ သူပုန်သူကန်တိုင်းရဲ့ အန္တိမ ဘုံရည်ရွယ်ချက်ကတော့ ပြည်သူ တရပ်လုံးရဲ့ လွတ်လပ်ရေးကို ပြန်လည်ရယူနေကြခြင်းဖြစ်ပါတယ်။ သူပုန်သူကန်များဟာ ကိုးကွယ်ယုံကြည်မှု အရ ကွဲပြားနေနိုင်ပါတယ်။ လူမျိုးရေးအရ ကွဲပြားနေနိုင်ပါတယ်။ ဒေသန္တရအရ ကွာဝေးနေနိုင်ပါတယ်။ လူနေ မှုဘဝ ရပ်တည်ကြပုံချင်း ကွာခြားနေနိုင်ပါတယ်။ ကိုယ်စီ အစုအဖွဲ့ရဲ့ ခေါင်းဆောင်များ ရှိနေနိုင်ပါတယ်။ မတူ ညီတဲ့ မဟာဗျူဟာများနဲ့ တိုက်ခိုက်တွန်းလှန်နေကြမှာပါ။ သို့သော် သူပုန်သူကန်တိုင်းရဲ့ ဘုံရည်ရွယ်ချက်ကတော့ အဖိနှိပ်ခံပြည်သူရဲ့ကိုယ်စား တော်လှန်နေကြသူများဖြစ်ပြီး ပြည်သူပြည်သားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်နှင့် တကွ အေးချမ်းတည်ငြိမ်မှုအပါအဝင် လွတ်လပ်ရေးကို တိုက်ခိုက်စွန့်စား အသက်ပေးနေကြခြင်းဖြစ်ပါတယ်။

● မောရိသျှ

ဆောင်းပါး



# ရဲဘော်ချေမွေးနေ့က TAXI ဆရာကြီးနဲ့ ကျနော်တို့

မောင်စိမ့်



အဲဒီနေ့က ချေဂွေဗားရားမွေးနေ့။ နွေဦးတော်လှန်ရေးကာလမို့ ရဲဘော်ချေ မွေးနေ့မတိုင်ခင်ကတည်းက တော်လှန်သောရက်စွဲတွေကို နေတိုင်း ရှာဖွေနေတာ။ ရှာရင်းဖွေရင်း ဇွန်လ ၁၄ ရက်နေ့ ရဲဘော်ချေမွေးနေ့ရှိတာသိခဲ့တယ်။ ပြောက်ကျားသပိတ်တွေလုပ်ကြဖို့ ရန်ကုန်ကရဲဘော်တွေအပြင် မန္တလေးနဲ့ နယ်က ရဲဘော်တွေနဲ့ပါ တိုင်ပင်ကြတော့ "သပိတ်စုံသူပုန်ထ"ဆိုတဲ့ ခေါင်းစီးနဲ့ ရဲဘော်ချေမွေးနေ့ ဆန္ဒပြကြဖို့ဖြစ်လာကြတယ်။

အဲဒီနေ့ပေါ့ဗျာ။ ကျနော်တို့ရန်ကုန်က အထွေထွေသပိတ်ကော်မတီ-GSC အပါအဝင် ကျောင်းသားသမဂ္ဂတွေ ရန်ကုန်ကွန်ယက်ကလူငယ်တွေအပြင် မြို့နယ်ပေါင်းစုံက သပိတ်စစ်ကြောင်းတွေပေါင်းပြီး ပြောက်ကျားသပိတ် လုပ်ကြတာပေါ့။ မနက်ခင်းစောစော ၈ နာရီ လူငယ်တွေ သပိတ်စုံ သူပုန်ထကြတာပေါ့။ စော်နဲ့ ဘဲနဲ့ ချိန်းထားရင်တောင် နောက်ကျနိုင်တယ်။ စစ်အာဏာ ရှင်ကိုဆန့်ကျင်ဖို့ မနက် ၆ နာရီလောက်ကတည်း အိပ်ရာထပြီး ပြင်ဆင်နေကြပြီ။ အဲ့ဒီလို ဆန္ဒပြကြဖို့ဆိုရင် တချို့ရဲဘော်တွေဆို ညတောင် အိပ်မပျော်ဘူးတဲ့။ အချင်းချင်းတွေလည်း လေးစား ကြည်ညိုမိတာပဲ။

ကျနော်တို့ အဲ့ဒီ ၈ နာရီမှာ "သပိတ်စုံ သူပုန်ထ"ဘန်နာတွေနဲ့ ရောင်စုံမီးခိုးဗုံးတွေသုံး ရဲဘော်ချေရဲ့ ပုံတူပန်းချီတွေကိုင်ပြီး "ဖက်ဆစ်စစ်တပ် အမြစ်ဖြုတ်"ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ချီတက်ခဲ့ကြတယ်။ စခန်း ၄၀ ကို မျက်နှာမူပြီး ဗညားဒလ လမ်းမပေါ်မှာ မိနစ်အနည်းငယ်ရပ်ပြီး အာစီယံအလံပါမီးရှို့ပစ်ကြတယ်။ အဲဒီမှာ "ASEAN Bullshit Bullshit"လို့လည်း ကြွေးကြော်သံတွေ သံပြိုင်ဟစ်ကြွေးခဲ့ကြတယ်။ သဘောကတော့ ရှင်းရှင်း ဘာသာပြန်ရရင် "အာစီယံ ချီးထုတ် ချီးထုပ်"ပေါ့ဗျာ။ ချီးထုပ်ကြီး နံတယ် အသုံးမဝင်ဘူးပေါ့ဗျာ။ (ဟုတ်ပါတယ် တခြားနိုင်ငံရေးသမားတွေကိုတော့ မပြောတတ်ဘူး ကျနော်တို့ အဖမ်းအဆီး အသတ်အဖြတ်တွေကြားရဲရဲရင့်ရင့် တော်လှန် ပုန်ကန်နေတဲ့သူတွေဖို့တော့ အာစီယံတွေ ယူအန်တွေ ယူအက်စ်တွေက ကယ်တင်ရှင်လို့ကို မသတ်မှတ်ကြတာပါ။ ရဲဘော်ချေပြောသလို "တော်လှန်ရေးဆိုတာ ကြွေကျလာမယ့် ပန်းသီးတလုံးမဟုတ်ပါဘူး ကိုယ်တိုင်ခူးယူမှရမယ့် ပန်းသီးတလုံး"ပါ။ ကျနော်တို့ရဲ့ ကယ်တင်ရှင်ဟာ ဘယ်မှာမှ မရှိ၊ ဘယ်သောအခါမှ

အက်ဆေး

မရှိပါဘူး။ ကျနော်တို့ကိုယ်တိုင် တိုက်ယူမှရမယ့် တိုက်ပွဲပါ။ ကိုယ်တိုင်လုပ်မှရမှာပါ။)

ဒီလိုနဲ့ လူစုခွဲကြတော့လည်း အထိအခိုက်မရှိ လူစုခွဲနိုင်လိုက်ကြလို့ ကျနော်တို့ကိုယ်စီ လှည့်ပြန်လာခဲ့ ကြတာပေါ့။ ကျနော်နားခိုရာ နေရာရောက်တော့ ဆိုရှယ်မီဒီယာမှာတက်လာတဲ့ ရန်ကုန်ကပုံတွေရော အမြို့မြို့အနယ်နယ်က ရဲဘော်တွေရဲ့ ပြောက်ကျားသပိတ်ပုံတွေကိုရော ကြည့်ပြီး ပီတိတွေဖြစ်နေတာပေါ့ဗျာ။

အဲ့ဒီအချိန် ကျနော့်ရဲဘော်တယောက် ဖုန်းဆက်လာတယ်။ “ရဲဘော်ရေ ကျနော်တော့ ဘီယာဆိုင်ရောက်နေတယ် လာခဲ့ပါလားဗျာ”တဲ့။ သူလည်း ဆန္ဒပြပြီးပြန်လာတဲ့ ရဲဘော်ပဲ။ ဒါနဲ့ ကျနော့်ဘေးက ရဲဘော်နှစ်ယောက်ကို “လာကွာ သွားကြရအောင်ကွာ”ဆိုတော့ သူတို့ကလည်း မငြင်းပါဘူး။ “သွားမယ်လေ”တဲ့။

ဒါနဲ့ ကျနော်တို့ TAXI ငှားပြီး ထွက်လာခဲ့ကြတာပေါ့။ TAXI ပေါ်ရောက်တော့ ကျနော်တို့စီးလာတဲ့ TAXI ကိုအချက်မပြဘဲ အတင်းဝင်တိုးလာတာကတော့ FAW ကားစစ်ကားကြီးတစီးပါ။ အဲ့ဒီအချိန် ကားဆရာက “ငါ xxx မသားတွေ လူပါးဝတယ်ကွာ”ဆိုပြီး တောက်ခေါက်ပါတယ်။ ကျနော်တို့လည်း “ဟုတ်တယ်ဗျာ ဒီကောင်တွေ လူပါးအတော်ဝတယ်”ဆိုပြီးပြောတော့။ ကားဆရာကြီးက ကျနော်တို့အရိပ်အခြေကိုနားလည်ပြီး စကားစပါလေရော။ “ညီလေးတို့ မနက်ကဆန္ဒပြသွားတာ သိလား”တဲ့။ “ဟုတ် ... ဖေ့ဘုတ်ပေါ်မှာတော့ တွေ့ပါတယ်”လို့ ... “အေး အဲ့ဒါ ဦးလေးတို့လမ်းထိပ်မှာကွ”တဲ့။ “ဟုတ်လား ...”။ “အေးကွာ ဦးက ဖုန်းထဲဘာမှမထားဘူး ဒါလေးတော့ ဒီအချိန်အတော်အမှတ်တရဖြစ်လို့ ရိုက်ပြီးသိမ်းထားတာ ကြည့်မလား”ဆိုပြီး ပြပါတယ်။ ကျနော်လည်း ယူကြည့်လိုက်တယ်။ “လူငယ်တွေလုပ်သွားတာ အတော်သပ်ရပ်တယ်ကွာ ဦးလေးက အိပ်နေတာ ဒို့အရေးသံတွေကြားလို့ နာရီကြည့်တော့ ၈ နာရီပဲရှိသေးတယ် အသံကြီးက ဖေဖော်ဝါရီ မတ်လလောက်က ဆန္ဒပြပွဲတွေတုန်းက အသံကြီးကွ အိပ်မက်မက်နေတာလို့တောင် ထင်တာ ဝရန်တာထွက် ကြည့်တော့ လူငယ်တွေနည်းတာမဟုတ်ဘူးကွာ။ သေသေသပ်သပ်ပဲလုပ်ပြီး သေသေသပ်သပ်ပဲ လူစုခွဲသွားကြတာကွာ။ စခန်း ၄၀ ကို မျက်နှာမူပြီး ရပ်အော်သွားသေးတာနော် လေးစားဖို့ကောင်းတယ်ကွာ။ ဟိုကောင်တွေ ရူးပြီးကျန်ခဲ့တာ”။ ကျနော်လည်း “ဟုတ်တယ်ဗျာ ကျနော်တို့တော့ မလုပ်နိုင်ဘူးဗျာ လုပ်နိုင်သူတွေကိုတော့ အားပေးပါတယ်” ဘာညာပြောပြီး ဘီယာဆိုင်ရှေ့မှာ ကျနော်တို့ဆင်းခဲ့ပါတယ်။

ဘီယာဆိုင်ရှေ့မှာ ကျနော်တို့သုံးယောက် ပြုံးပြီး လက်ဝါးတွေရိုက်ကြတာပေါ့။ “အေးကွာငါတော့ ဒီနေ့ အဖြစ်အပျက်လေးကို အက်ဆေးတပုဒ်တော့ ရေးဦးမယ်”လို့ ပြောဖြစ်တယ်။ တကယ်ဆို ကျနော်တို့ကို ကားဆရာကြီး စပြောကတည်းက ကျနော်တို့လုပ်တာပါ ဘာညာပြောခဲ့ရင်ရပါတယ်။ ဒါပေမယ့် ဟိုချီမင်း ပြောသလို “တော်လှန်ရေးမှာ ကိုယ်ဘာလုပ်လည်း မသိစေနဲ့ ကိုယ်ဘာကောင်လည်းမသိစေနဲ့”ဆိုတဲ့ စကားကိုနှလုံးသွင်းပြီး မိမိလုံခြုံရေးနဲ့ တော်လှန်ရေးသစ္စာကိုစောင့်သိဖို့ ကျော်ကြားချင်စိတ်၊ ဂုဏ်ယူချင်စိတ်တွေကို အောင့်အီးခဲ့ပါတယ်။ ဒီအက်ဆေးလေးကို ချေမွေးနေ့က TAXI ဆရာကြီး ဖတ်မိသွားရင်တော့ တော်လှန်ရေးကာလကြီး ဘီယာဆိုင်ထိုင်ရလားကွာဆိုပြီး ငါဆူချင်နေမိခဲ့တဲ့ ဒီကောင်လေးတွေကွာဆိုပြီး တောက်တခေါက်ခေါက်နဲ့ ပီတိဖြစ်နေဦးမယ်ထင်ပါတယ်။

TAXI ဆရာကြီးလည်း သွေးမအေးဘူး ဒို့ပြည်သူတွေလည်း သွေးမအေးပါဘူး ...။

ကျနော်တို့လည်း တော်လှန်ရေးကို သတိရှိရှိနဲ့ ထင်ပေါ်လိုစိတ်တွေလျှော့ လုံခြုံရေးကို အဓိကထားဆက်လက်ပုန်ကန်ကြပါစို့ ရဲဘော်တို့ရေ ... ။

● မောင်စိမ့်

# "ရန်ကုန်မြို့ မြို့ပြပြောက်ကျားတပ်ဖွဲ့တဖွဲ့မှ ရဲဘော်တဦးနှင့် မေးမြန်းခန်း"




(ယခုတပတ်အတွက် မေးမြန်းခန်းမှာ ရန်ကုန်မြို့မှာ ဖောက်ခွဲမှုတွေ ပြုလုပ်လျက်ရှိတဲ့ 'မြို့ပြသူပုန်' ပြောက်ကျားတပ်ဖွဲ့က ရဲဘော်တစ်ဦးဖြစ်တဲ့Hollyနဲ့ စကားပြောဖြစ်ပါတယ်။ ရန်ကုန်မြို့ထဲ ပြောက်ကျားတိုက်ခိုက်မှုတွေကို ထိရောက်စွာ ဆောင်ရွက်နေတဲ့ အဖွဲ့တစ်ဖွဲ့ရဲ့ အတွေးအမြင်ကို စာဖတ်သူများ သိရအောင် မေးမြန်းဖြစ် ခဲ့ပါတယ်။ စာမျက်နှာအခက်အခဲကြောင့် မေးမြန်းခန်း အကျဉ်းချုပ်ကိုသာ စာ စဉ်မှာ ထည့်သွင်းနိုင်ပါတယ်။ အပြည့်အစုံကို မိုလိုတော့ဗ်စာစဉ် Facebook စာမျက်နှာမှာ မကြာခင် ဖော်ပြသွားမှာ ဖြစ်ပါကြောင်း အသိ ပေးအပ်ပါတယ်။)

**- လက်နက်ကိုင်ပြောက်ကျားတပ်ဖွဲ့အနေနဲ့ ဒီလမ်းစဉ်ကို ဘာကြောင့် ရွေးခဲ့တာလဲ။**

အာဏာသိမ်းမှုအစမှာတော့ ဆန္ဒပြခဲ့တယ်။ မတ်လလောက်ကနေစပြီး လက်နက်ကိုင်လမ်းစဉ် ကပဲ တော်လှန်ရေး အောင်မြင်နည်းလို့ ယုံကြည်သွားတယ်။ ဒါပေမဲ့ လက်နက်ကိုင်လမ်းစဉ်ဆိုတာ လူငယ်တွေ အားလုံးကို နိုင်ငံတော်က ပေးအပ်လိုက်တဲ့တာဝန်ပဲ။ နိုင်ငံအတွင်းမှာရှိတဲ့ လူကြီးသူမ၊ ကလေးသူငယ်တွေ အားလုံးကို တာဝန်ယူစောင့်ရှောက်ပြီး စစ်ကောင်စီရန်ကနေ ကာကွယ်ပေးဖို့ပဲ။ လက်နက်ကိုင်ခြင်းဆိုတာ တာဝန်ယူလိုစိတ်နဲ့ တာဝန်ခံတဲ့ သတ္တိလို့ပဲ ကျနော်ကထင်တယ်။ ကိုယ်ပိုင် ရွေးချယ်မှုတော့ မဟုတ်ဘူး။

**- လက်နက်မကိုင်နိုင်ရင် ဘာလုပ်ရမလဲ။**

လူကြီးတွေနဲ့ ကလေးတွေကို ဖယ်ထားလိုက်ပေါ့။ လူငယ်တွေထဲမှာပဲ လက်နက်မကိုင်ရင် ငွေရှာပြီး အရေးတော်ပုံအတွက် ထောက်ပံ့ဖို့ပဲ ရှိမယ်။ ငွေမရှာနိုင်ရင် လက်နက်သာကိုင်တော့။ ကျန်တဲ့ဟာ ရွေးချယ် စရာမရှိတော့ဘူး။ ဘုရားသွားပြီး ထိုင်ဆုတောင်းနေဖို့ပဲရှိပဲ တတ်နိုင်တယ်။

**- လက်ရှိဖြစ်နေတဲ့အခင်းအကျင်းကို တကယ်လှုပ်ရှားနေတဲ့ပြောက်ကျားတပ်ဖွဲ့ အနေနဲ့ဘယ်လို သုံးသပ်ချင်လဲ။**

လက်ရှိအခြေအနေက နှစ်ဖက်လုံးကအရင် ကထက်ပိုပြီး activeဖြစ်လာကြပြီ။

ကျွန်တော်တို့ဘက်က ပိုကောင်းတဲ့Missionတွေ လုပ်လာနိုင်သလိုစစ်ကောင်စီဘက်ကပိုဖိပြီး ပိုကြမ်းလာ တယ်။ အရင်ကထက်ပိုပြီး Target တွေ ရွေးရာမှာ ထည့်သွင်းစဉ်းစားစရာတွေ ပိုများလာတယ်။ စာသင် ကျောင်းတွေ၊ ဆေးရုံတွေနဲ့ ဘာသာရေးအဆောက်အအုံတွေကို တိုက်ခိုက် တာမျိုး ကျွန်တော်တို့ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ နှစ်ဖက်စလုံးက ဖိဖိစီးစီးလုပ်လာတော့ တပြိုင် နက်တည်း ပိုကျပ်တည်း လာပါတယ်။

**တဖက်စာမျက်နှာသို့**

**- အခု လူတွေပြောနေကြတဲ့ D Day နဲ့ ပတ်သက်ပြီးတော့ကော ဘာပြောချင်လဲ။**

D-Dayနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်စရာတွေအများကြီးလိုသေးတယ်လို့ထင်တယ်။ ဘယ် နေ့ရောက်မယ်ဆိုတာအဓိကမဟုတ်ဘူး ဘယ်နေ့ပဲရောက်လာလာ အဆင်သင့်ဖြစ်ဖို့ကြိုးစားရမယ်။ NUGကထုတ်ပြန်တဲ့ "ဘာတွေစုဆောင်းထားမလဲ ဘယ်လိုတွေကြိုတင်ပြင်ဆင်ရမလဲ" ဆိုတာကို သေချာလိုက်လုပ်သင့်တယ်လို အကြံပေးချင်တယ်။

**- ပြည်သူလူထုကကော ပြောက်ကျားတပ်ဖွဲ့တွေကို ဘယ်လို ကူညီပေးနိုင်မလဲ။**

လူထုက အကူအညီပေးတဲ့အနေနဲ့ဝ Facebook ပေါ်မှာ တင်တာမျိုးတွေကို တော်လှန် ရေးတပ်သားတွေလိုပဲ ဂရုပြုပြီး ပြုမူသင့်တယ်။ ကိုယ့်ဘက်က တပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေ အလုံးစုံ ကို ဘာမှမတင်ဘဲ ကူညီပေးသင့်ပါတယ်။ ကိုယ်တင်လိုက်တဲ့ status တစ်ခုက တော်လှန်ရေးရဲဘော် တွေကို ဘယ်တော့မှ အိမ်မပြန်လာစေတာမျိုး ဖြစ်သွားစေနိုင်တယ်။

စစ်ကောင်စီဘက်က ရဲတွေနဲ့ စစ်သားတွေရဲ့ လှုပ်ရှားမှုတွေကိုတော့ မြင်သမျှအလုံးစုံကို ပြောက်ကျားတပ်ဖွဲ့တွေသိအောင် သတင်းပေးသင့်တယ်။ အိမ်ထဲမှာပဲနေရင်း ကူညီနိုင်ပါတယ်။ ဒါ့အပြင် ရပ်ကွက်ထဲ က စစ်တပ်သတင်းပေးတွေကို စောင့်ကြည့်သင့်တယ်။ အရင်က ကြံ့ဖွတ်အဖွဲ့ဝင်ဟောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်းတွေနဲ့ စစ်တပ်နဲ့ ပင်းတဲ့သူတွေရဲ့ အပြုအမူတွေကို စောင့်ကြည့်ပြီး တော်လှန်ရေးကို အနှောင့်အယှက်ဖြစ်နိုင်တယ်ဆိုရင် ပြောက်ကျားတပ်ဖွဲ့ဝင်တွေဆီကို တိုးတိုးတိတ်တိတ် သတင်းပေးသင့် ပါတယ်။

နောက်ဆုံးတစ်ခုအနေနဲ့ကတော့ ငွေကြေးအထောက်အပံ့ ကူညီနိုင်ပါတယ်။

**- မီဒီယာတွေနဲ့ ပတ်သက်ပြီးကော ဘာပြောချင်ပါသလဲ။**

တော်လှန်ရေးတပ်ဖွဲ့ဝင်တွေနဲ့ မေးမြန်းတဲ့အခါ ရပ်တည်ချက်မှန်စွာနဲ့ တပ်ဖွဲ့ဝင်တွေကိုကိုယ်ချင်းစာပြီး မေးမြန်းစေချင်ပါတယ်။ တော်လှန်ရေးနဲ့ ပတ်သက်တဲ့ အသိပညာတွေ၊ တတ်သိရမယ့် ပညာ တွေကို ပိုပြီးတော့ မျှဝေပေးဖို့ လိုပါတယ်။

**- ရဲဘော်တွေအချင်းချင်းကိုကော ဘာများ ပြောချင်ပါသလဲ။**

ရဲဘော်တွေအနေနဲ့ မိဘတွေ၊ မိသားစုဝင်တွေဆီကို ကိုယ် ကျန်းမာအသက်ရှင်လျက်ရှိကြောင်း လုံခြုံတဲ့ ဆက်သွယ်ရေးနည်းလမ်းကနေ ဆက်သွယ်ကြစေချင်ပါတယ်။ တပ်ဖွဲ့တွေကို ဦးဆောင် နေ သူတွေအနေနဲ့လည်း အစားအသောက်ကို အဆင်ပြေအောင် စီစဉ်ပေးစေချင်တယ်။ တော်လှန် ရေးကိုရှေ့ဆက်နိုင်ဖို့ အစားကောင်းကောင်းစားဖို့ လိုအပ်ပါမယ်။ ကိုဗစ်ရောဂါနဲ့ ကျန်းမာရေးကို လည်း ဂရုပိုစိုက်စေချင်ပါတယ်။

**- ယာယီအစိုးရဖြစ်တဲ့ NUG နဲ့ ကာကွယ်ရေးဝန်ကြီးဌာနကိုကော ဘာများပြောချင်ပါသလဲ။**

လက်ရှိ NUG က ကူညီထောက်ပံ့ပေးနေတာတွေက မလုံလောက်သေးဘူးလို့ ယူဆပါတယ်။ NUG အနေနဲ့ Power ကို ကိုယ်တစ်ဖွဲ့တည်း ဆုပ်ကိုင်ထားတာမျိုးမဟုတ်ဘဲ ခွဲဝေသုံးစွဲဖို့ အချိန်တန်ပြီထင်တယ်လို့ ပြောချင်ပါတယ်။ ဒါဆိုအလုပ်လည်း ပိုတွင်ပြီး မြေပြင်အခြေအနေတွေနဲ့လည်း ပိုအချိတ်အဆက်မိမှာပါ။ နောက်ပြီးတော့ လူငယ်တွေ လက်နက်ကိုင်တာနဲ့ ပတ်သက်ပြီး ပိုပြီး သေသေချာချာ ဆောင်ရွက်သင့်ပြီလို့ ထင်ပါ တယ်။ တော်လှန်ရေးကာလအတွက်တင် မဟုတ်ဘဲ တော်လှန်ရေးအလွန်မှာပါ Gun Control ကို သေချာ စဉ်းစားထားသင့်တယ်လို့ ပြောလိုပါတယ်။

**-အာဏာသိမ်းယူထားတဲ့ စစ်ကောင်စီကိုကော ဘာများ ပြောချင်ပါသလဲ။**

ကျနော်တို့အနေနဲ့ သူတို့နဲ့ စကားပြောစရာ အကြောင်းလည်း မရှိဘူး။

ပြောစရာစကားလည်း မရှိပါဘူး။




တကယ်တော့ မမမော်လီ မပြောဘဲ ခဏ တိတ်နေတာ ပြောစရာတွေ မရှိလို့ မဟုတ်ပါဘူး။ ဘာကိုမှ ပြောချင်စိတ် မရှိတော့လို့ပါ။ အခုတော့ မပြောရင် မဖြစ်ပြန်ပြီမို့ ဒီတစ်ပတ်တော့ ပြောလိုက်ပါဦးမယ်ဆိုပြီး အားတင်းရင်း ပြောလိုက်ပါတယ်။

မမမော်လီ ပြောပါပြီ။ ရွှေပြည်ကြီးရဲ့ အခြေအနေတွေဟာ ဆိုရင်ဖြင့် တိုင်းသူပြည်သားအားလုံး သိတော်မူကြတဲ့အတိုင်း ဖက်ဆစ်ဘီလူး အာဏာရူးတွေရဲ့ ယုတ်ကန်းချက်တွေဟာ ပြောလို့မကုန်နိုင်အောင်ပါပဲ။ ရေမြေ့သခင်ရှင်ဘုရင်လို့ ဘုရင်ရူးရူးနေတဲ့ မင်းအောင်လှိုင်ဟာ ပြည်သူတရပ်လုံးရဲ့ ဇွဲနဲ့ သတ္တိကို တုန်နေအောင် ကြောက်တာကြောင့် သူ့ရဲ့ အဖေကျော်ပထွေးလွှမ်းဇာတ်ကို တဖန်ပြန်ကရပြန်ပါတော့တယ်။

မင်းအောင်လှိုင်တို့ စစ်တပ်တတပ်လုံးကို နဖားကြိုးကောင်းကောင်းတပ်ပြီး ခိုင်းကောင်းကောင်းနဲ့ ခိုင်းနေတဲ့ ရုရှားနဲ့ တရုတ်ကို အမျိုးမျိုးလှည့်ဖားရုံတင် မကပါဘူး။ ယောက်ဖတော် အာဆီယံ တအုပ်လုံးကိုလည်း လှည့်ပတ်ပြီး မျက်နှာချိုသွေးနေပါတယ်။ သူ့အထင်ကတော့ အာဆီယံယောက်ဖတော်များနဲ့ လက်ဝါးချင်းရိုက်ထားတဲ့ လမ်းစဉ် ငါးဖြာကို ဦးထိပ်ထားမယ်၊ တရုတ်နဲ့ ရုရှား ပထွေးတော်တွေက ဝန်းရံမယ်၊ လုပ်ချင်တာလုပ်ထားပြီး မျက်နှာပြောင်တိုက်ပြီး ဆောရီးပါ ပြည်သူတို့ လုပ်မယ်။ မမမော်လီအစကတည်းက ပြောသလို ပဲစေ့လောက်ဉာဏ်နဲ့ အကြံကုန် ခွေးပု ဆားချက်ပါတော့မယ်။

မမမော်လီ ပြောပါပြီ။ ဖက်ဆစ်သန္ဓေနဲ့ သတ်မတော်ဟာ အကွက်အဟောင်းတွေကိုပဲ ထုတ်သုံးပြန်ပါပြီ။ တနိုင်ငံလုံးက မတရားဖမ်းဆီးထားတဲ့ ပြည်သူ ၂ ထောင်ကျော်ကို မနေ့က ပြန်လွှတ်ပေးခဲ့ပါတယ်။ နေဝင်း၊ သန်းရွှေ၊ ခင်ညွန့်တို့ သုံးခဲ့တဲ့ သပ်လျှိုသွေးခွဲတဲ့ ဖဲချပ်ကိုပဲ ဖုန်ခါပြီး ပြန်ထုတ်လိုက်တာပါ။ မမမော်လီတို့ပြည်သူတွေ ဆန္ဒပြတုန်းက အော်ခဲ့ကြသလိုပါပဲ။

"၈၈ က စောက်ချိုးတွေ ၂၁ မှာ လာမချိုးနဲ့"။

ဒီအချိန်မှာ ပြည်သူတွေကော၊ တော်လှန်ရေးရဲဘော်တွေပါ သတိကြီးကြီးထားရပါတော့မယ်။ အပြစ်မဲ့ပြည်သူတွေကို ဖမ်းချင်တိုင်းဖမ်းပြီး ပြန်လွှတ်တာ၊ ထင်ရှားကျော်ကြားသူတွေကို အမှုရုတ်သိမ်းတာ၊ ဒါတွေဟာ စည်းလုံးနေတဲ့အားကို ဖြိုခွဲဖို့ ကြံတာပါ။ ၈၈ တုန်းကလည်း ဒီလို ပြန်လွှတ်ခဲ့တာပါပဲ။ အဲဒီလိုလွှတ်ပြီး တော်လှန်ရေးအင်အားစုတွေကြားမှာ သံသယတွေပွားအောင် လုပ်တယ်။ ပြန်လွှတ်လာသူတွေနဲ့ မလွှတ်သေးသူတွေကြားမှာ သွေးကွဲအောင် လုပ်တယ်။ နိုင်ငံတကာမျက်နှာစာမှာတော့ သဘောထားကြီးတဲ့ သူတို့ပါပေ့။

မမမော်လီ ပြောပါပြီ။ ဒီလို ပြန်လွှတ်ပေးတဲ့ မင်းအောင်လှိုင်တို့ ဖက်ဆစ်စစ်တပ်ကို ကျေးဇူးတင်စရာ တပြားမှ မရှိပါဘူး။ ပြန်လွှတ်လာတဲ့ ရဲဘော်တွေကို အနားပေးပါ၊ ဖိအားမပေးပါနဲ့။ သူတို့ကို အပြစ်တင်တာမျိုးတွေ မလုပ်ကြပါနဲ့။ တတ်နိုင်သလောက် စိတ်ခွန်အားပေးကာ ဖေးမကြပါ။ ဆက်လက်တိုက်ပွဲဝင်နေတဲ့ ရဲဘော်တွေလည်း သတိတမံ ဉာဏ်ကတုတ်ကို မြှင့်နိုင်သမျှ မြှင့်ထားကြပါ။ ထောင်ထဲက နေရာလွတ်တွေဟာ သင့်အတွက် ဖြစ်သွားနိုင် တာကို မမေ့ပါနဲ့။ လုံခြုံရေးသတိအမြဲ ရှိကြပါ။

မင်းအောင်လှိုင်ကို မမမော်လီပြောချင်တာကတော့ "မောင်လေးမင်းအောင်လှိုင်ရေ ... မင်းလေးဟာ ကမ္ဘာမှာကော ဟောဒီ သောင်းတိုက် စကြာဝဠာမှာပါ အရှုံးသမားလေးပါကွယ်။ ပြည်သူတရပ်လုံးက မောင်လေးတို့ကို ကြိုးစင်တင်ဖို့ သွေးလည်းမအေး၊ အားလည်းလျော့မသွားပါဘူး။ တနေ့ပြီးတနေ့ သေနေ့ဆီ နီးလာပြီဆိုတာ မမေ့မလျော့ မပေါ့မဆဘဲ ညည လန့်လန့်နိုးပါစေ" လို့ ... ။

တော်သေးပြီ။

## တပတ်အတွင်း သတင်းကောက်နုတ်ချက်

**"မတရားဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ကျော် ပြန်လည်လွတ်မြောက်"**

ဇွန်လ၃၀ရက်နေ့မှာ အာဏာသိမ်းစစ်ကောင်စီက အကျဉ်းထောင်အသီးသီးမှာ မတရားဖမ်းဆီးထိမ်းသိမ်းခံထားရသော နိုင်ငံ ရေးအ ကျဉ်းသား ၂၀၀၀ကျော်ကို ပြန်လွှတ်ပေးခဲ့ ပါတယ်။ လွတ်မြောက် သူများတွင် ကဗျာ ဆရာများနဲ့ သတင်းသမားအချို့ ပါဝင်ပါ တယ်။ NLD ပါ တီဝင်နဲ့ CDMဝန်ထမ်း တွေ ကို မလွှတ်ပေးဖို့ လည်း စစ်ကောင်စီကထုတ်ပြန်ခဲ့ပါတယ်။ ဆက်လက်အကျဉ်းချခံထားရသူ နိုင်ငံရေးအကျဉ်းသားထောင်ပေါင်းများစွာ ရှိနေဆဲဖြစ်တယ်။ ဖက်ဆစ်စစ်တပ်ဟာ နိုင်ငံရေးလွတ်ငြိမ်းခွင့်ပေးပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုရရှိအောင် လုပ်နေခြင်းသာဖြစ်တယ်လို့ AAPP ကပြောပါတယ်။

**"ပြောက်ကျားသပိတ်များ အားကောင်းနေဆဲ"**

အကြမ်းဖက်ဖိနှိပ်ဖြိုခွဲမှုတွေကြားက နိုင်ငံတစ်ဝှမ်း အာဏာရှင်ဆန့်ကျင်ရေး ပြောက်ကျားသပိတ်များ နေ့စဉ်နဲ့အမျှ အားကောင်းနေဆဲ ဖြစ်တယ်။ ဒီတစ်ပတ်အတွက် အထင်ရှားဆုံးဥပမာတခုအနေနဲ့ ဇွန်လ၂၆ရက်နေ့က စစ်အာဏာရှင်ကို ဆန့်ကျင်၍ ကြိုးပေးကွပ်မျက်ခံခဲ့ရတဲ့ ချင်းတိုင်းရင်းသား ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး ၄၅ နှစ်မြောက်နေ့ ဂုဏ်ပြုအထိမ်း အမှတ်အနေဖြင့် နိုင်ငံအနှံ့ သပိတ် စစ်ကြောင်းတွေ များစွာထွက်ခဲ့ပါတယ်။

ဆလိုင်းတင်မောင်ဦးရဲ့ "စစ်ဖိနပ်အောက် ဘယ်တော့မှ ဒူးမထောက်ဘူး" ဆိုတဲ့ ကြွေးကြော်သံများဖြင့် ချီတက်ဆန္ဒပြခဲ့ကြ တာဖြစ်တယ်။

**"မြန်မာ့အရေး ကုလသမဂ္ဂပျက်ကွက်မှု"**

မြန်မာ့ နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းနိုင်ရေးမှာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ တာဝန်ပျက် ကွက်မှုတွေက ရာဇဝတ်မှုတွေမှာ အလိုတူ အလိုပါ သဘောမျိုး ဖြစ်နေတယ်ဆိုပြီး ဗြိတိန် အခြေစိုက် NGO အဖွဲ့တစ်ခုဖြစ်တဲ့ Myanmar Accountability Project အဖွဲ့က Christopher Gunness က ပြောပါတယ်။

**"ကုန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် ပြည်သူများ အခက်အခဲကြုံနေရ"**

မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ တိုးလာနေတာကြောင့် ဒီနှစ်ထဲဝင်ငွေ ထက်ဝက်လောက် လျော့သွားတဲ့ အိမ်ထောင်စုတွေထဲက ရာခိုင်နှုန်း (၈၀) လောက်ဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေတယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းက သတင်းထုတ်ပြန်ထားပါတယ်။

**"အိန္ဒိယနယ်စပ်စစ်ဘေးရှောင် တစ်သောင်းကျော်ထိရှိလာ"**

မြန်မာ–အိန္ဒိယနယ်စပ်၊ အိန္ဒိယဘက်အခြမ်း မီဇိုရမ်ပြည်နယ်တွင် ယခုသီတင်းပတ်အတွင်း ထပ်မံဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၇၀၀ ကျော်အထိရှိကာ မြန်မာနိုင်ငံသား ခိုလှုံသူပေါင်း ၁၀၀၀၀ ကျော်အထိ ရှိလာနေပြီ ဖြစ်ပါတယ်။

**"စစ်ကောင်စီကို ICC တွင် တရားစွဲမည်"**

စစ်ကောင်စီကျူးလွန်သည့် အကြမ်းဖက်ပစ်သတ်မှုဖြစ်စဉ် ၁ သိန်းခွဲကျော် မှတ်တမ်းပြုစုထား၊ စစ်ကောင်စီကို ICCတွင် တရားစွဲမည်ဟု NUG တရားရေးဝန်ကြီးကပြောပါတယ်။



# ပြည်တွင်း သတင်းအတိုအထွာ

(၂၄.၆.၂၀၂၁)

- စစ်ကိုင်းတိုင်း၊ မင်းကင်းတွင် တိုက်ပွဲနှစ်နေရာဖြစ်၊ ဖက်ဆစ်စစ်ခွေး ၁၉ ဦးသေ။
- ချင်း၊ ဟားခါးမြို့ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ကားမတော်တဆမှုဖြစ်ပြီး သေဆုံး။

(၂၅.၆.၂၀၂၁)

- စစ်ကိုင်း၊ မင်းကင်းတွင် တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီနှင့် ပျူစောထီးအဖွဲ့ ၁၅ ဦးးသေဆုံး။
- စစ်ကိုင်း၊ ဒီပဲယင်းမြို့နယ်၊ မြင်းတန့်ရွာနေ ဖက်ဆစ်ဒလန်တစ်ဦးကို အမည်မသိသူတစ်ဦးက နေအိမ်ပေါ်သို့ တက်၍ သေနတ်ဖြင့် အသေပစ်သတ်။
- စစ်ကိုင်း၊ ဒီပဲယင်းမြို့နယ်၊ ညောင်လှစ်ပြကျေးရွာမှာ ဖက်ဆစ်ဒလန်တစ်ဦး ပစ်သတ်ခံရ။
- စစ်ကိုင်း၊ ကနီမြို့ထဲက ဖက်ဆစ်ဒလန် ၃ ဦးကို နယ်စည်းမခြားမိုးကြိုးမုန်တိုင်းအဖွဲ့က သုတ်သင်။
- ရန်ကုန်၊ ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်ရုံးအုပ်ကြီးကို အမည်မသိ လက်နက်ကိုင် အဖွဲ့တ ဖွဲ့က အသေပစ်သတ်၊ အုပ်ကြီးတပည့်ပါ အဆစ်သေ။
- မန္တလေး၊ မြင်းခြံ အမှတ်၁၉ရပ်ကွက်က ဖက်ဆစ်ဒလန်မ အသတ်ခံရ။

(၂၆.၆.၂၀၂၁)

- ချင်း၊ မတူပီမြို့ ဂေါက်ကွင်းတွင် ဖက်ဆစ်စစ်ခွေးတစ်ဦး ရုတ်တရက် မူးလဲသေဆုံး။
- မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ် (စ) ရပ်ကွက်တွင် ဖက်ဆစ်ဒလန်တစ်ဦး ဓားဖြင့် အသေထိုးသတ်ခံရ။
- ကရင်၊ မြဝတီခရိုင်တွင် အာဏာသိမ်းပြီးချိန်မှစ၍ ဖက်ဆစ်စစ်တပ်ခန့် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး (၅)ဦးအထိ ပစ်သတ်သုတ်သင်ခံရ

(၂၇.၆.၂၀၂၁)

- စစ်ကိုင်း၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှာ ထီးချိုင့်PDFနဲ့ KIA ပူးပေါင်းပြီး တိုက်ခိုက်၊ စစ်ခွေး ၁၄ ဦး သေဆုံး။
- စစ်ကိုင်း၊ ဖက်ဆစ်ယာဉ်တန်းကို ကလေး PDF ခြုံခိုတိုက်ခိုက်၊ စစ်ခွေး ၉ဦးသေဆုံး။
- စစ်ကိုင်း၊ ကလေးမြို့နယ်တွင် ဖက်ဆစ်တပ် နှင့် ကလေးဏီတို့ အပြန်အလှန်ပစ်ခတ်၊ စစ်ခွေး ၄ ဦးသေဆုံး။
- မကွေး၊ ရေစကြိုမြို့နယ်၊ အောင်ပန်းရွာတွင် ဖက်ဆစ်ဒလန် ပျူစောထီးအဖွဲ့ဝင်တစ်ဦးကို ရေစကြို PDF သုတ်သင်။
- ရန်ကုန်၊ တာမွေ ကျားကွက်သစ်က ဖက်ဆစ်ဒလန်တစ်ဦး ဓားဖြင့် ၇ ချက် အခုတ်ခံရပြီး သေဆုံး။
- ရန်ကုန်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက် ဖက်ဆစ်ဒလန် သေနတ်ဖြင့် ပစ်သတ်ခံရ။
- မွန်၊ သထုံမြို့နယ်၊ ပိန္နဲတောကျေးရွာအတွင်း စကခ (က) ရှေ့တန်းတပ်မဌာနချုပ်စခန်းအနီးတွင် KNLA လက်ဖြောင့်တပ်သားက ပစ်၍ စစ်ခွေးတစ်ဦးသေဆုံး။

(၂၈.၆.၂၀၂၁)

- ■ စစ်ကိုင်း၊ ကသာမြို့နယ်အတွင်းရှိ တိုက်ပွဲတွင် စကစ ၃၀ ကျော် သေဆုံးကြောင်း KPDF ထုတ်ပြန်။
- ■ စစ်ကိုင်း၊ ဒီပဲယင်းတွင် ဖက်ဆစ်တပ်ယာဉ်တန်း မိုင်းဆွဲတိုက်ခိုက်ခံရသဖြင့် စစ်ခွေး၄ ဦး ပြင်းထန် ဒဏ်ရာရ။
- ■ စစ်ကိုင်း၊ ယင်းမာပင်မြို့နယ်၊ ကပိုင်ကျေးရွာတွင် ရွာခံများအားခြိမ်းခြောက်နေသည့် ပျူစောထီး အဖွဲ့ဝင် တူမီးသေနတ်ဖြင့် အနီးကပ်ပစ်သတ်ခံရ။
- ■ ရန်ကုန်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၇၂) ရပ်ကွက်ရှိ ဖက်ဆစ်တပ်လက်အောက်ခံ ရပ်ကွက်ရုံးစာရေးမ တစ်ဦး သေနတ်ပစ်ခံရ၍သေဆုံး။
- ■ တနင်္သာရီ၊ ပုလောမြို့နယ်၊ ဖက်ဆစ်စစ်တပ်ခန့် မြို့ဟောင်းရွာအုပ်ကြီး ဦးခေါင်းတွင် ဓားဒဏ်ရာ ဖြင့် သေဆုံး။
- ■ မွန်၊ ရေးမြို့နယ်၊ ဖက်ဆစ်စစ်တပ်ခန့် နှင်းစုံကျေးရွာအုပ်ကြီး ဦးခေါင်းသေနတ်ဒဏ်ရာဖြင့် သေဆုံး။

(၂၉.၆.၂၀၂၁)

- ■ ချင်း၊ ဖလန်း၊ ချင်းအမျိုးသားကာကွယ်ရေး CNDF နှင့် ဖက်ဆစ်စစ်တပ်တိုက်ပွဲဖြစ်၊ စစ်ခွေး (၂၀)ဦးထက် မနည်း သေဆုံး။
- ■ ရန်ကုန်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဂဖူးကွေ့ဈေးတွင် ဖက်ဆစ်ဒလန် ၁၈ရပ်ကွက်အုပ်ကြီး သေနတ်ဖြင့်အနီးကပ်ပစ် သတ်ခံရ။
- ■ ရန်ကုန်၊ တာမွေ မြန်မာ့စီးပွားရေးဘဏ်တွင် လုံခြုံရေးရဲတစ်ဦးအား သေနတ်သမားအချို့ ပစ်ခတ် သွားသဖြင့် လုံခြုံရေးရဲတဦး သေဆုံး။
- ■ မန္တလေး၊ စဉ့်ကူးမြို့နယ်၊ ရွှေပြည်ရဲကင်းမှာ ရဲတပ်သားတစ်ဦးက ဒုရဲအုပ်တစ်ဦးကို သေနတ်ဖြင့်ပစ်သတ်။
- ■ မန္တလေး၊ တောင်သာမြို့နယ်၊ ဇီးပင်ကန်ရွာတွင် ဖက်ဆစ်ဒလန် ထွေအုပ်ရုံးစာရေး သေနတ်ဖြင့်ပစ် ခတ်ခံရ။

(၃၀.၆.၂၀၂၁)

- ■ ချင်း၊ ဖက်ဆစ်စစ်တက်နှင့် CDF ဟားခါးတိုက်ပွဲဖြစ်၊ စစ်ခွေးနှင့် ရဲခွေး ၂၀ဦး သေ။
- ■ ကချင်၊ မြစ်ကြီးနား ၂၁ မိုင်ဂိတ်ကို KIA က သွားရောက်ပစ်ခတ်၊ ရဲခွေးတဦးသေ။
- ■ မန္တလေးရောက် စစ်ခွေးတစ်ယောက် ကျုံးအတွင်းရေဆင်းချိုးရာက ရေနစ်သေဆုံး။
- ■ ရန်ကုန်၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း ဖက်ဆစ်ဒလန်နှင့် ပဲခူး၊ ပေါင်းတည်မြို့နယ်၊ ကြို့ကုန်းကျေးရွာ ဖက်ဆစ်ဒလန်အုပ်ကြီး သေနတ်ဖြင့် ပစ်သတ်ခံရ။

**66**

ဒီတပတ်လည်း
သာရေးသတင်းကို စာမျက်နှာ ၂ မျက်နှာနဲ့ ဖော်ပြခွင့်ရခဲ့ပါတယ်။
နောင်အပတ်တွေလည်း သာရေးသတင်းတွေ ဝေဆာစေလိုပါကြောင်း
မိုလိုတော့ဗ်အဖွဲ့သားများက ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။
CCTV ပိုင်ရှင်များမှလည်း
CCTV မှတ်တမ်းများကို တနေ့တခါ ဖျက်ပစ်ကြဖို့ မမေ့ပါနဲ့ခင်ဗျာ။

**99**